ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နမ့်ခမ်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(Village Development Plan)

မန်ဟောင်းကျေးရွာအုပ်စု ၊ နောင်မလုံကျေးရွာ

၂၀၁၈ ခုနှစ် ဇန်နဝါရီလ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် နောင်မလုံကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများပါဝင်ရေးဆွဲထားသည့် ပထမဦးစားပေး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ စီ မံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

နောင်မလုံကျေးရွာတွင် ရွာလူထုကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့သော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ပေ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းများကို အသုံးပြု၍ ကျေးရွာလူထုကိုယ်တိုင် တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်လက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာန များနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းမွန်စွာ နားလည်သိရှိ ခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုနောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ဤလုပ်ငန်းစဉ်များဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ ၊ ဦးစားပေးရွေးချယ်မှုများ နှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေ

အပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ အစိုးရဌာနများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိ နိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ

နောင်မလုံကျေးရွာ


နမ့်ခမ်းမြို့

၂၀၁၈ခုနှစ် ၊ ဇန်နဝါရီလ ရက်

၁။နမ့်ခမ်းမြို့နယ် အခြေပြမြေပုံ



၂။ မန်ဟောင်းကျေးရွာအုပ်စု ၊ နောင်မလုံကျေးရွာ အခြေပြမြေပုံ



၃။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့ အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင် အထည် ဖော်မည့် အစီအစဉ်သစ်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲသည့် အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီး နောက်ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေး ကြီးပုံကို အလေးထားမိလာခဲ့ပါသည်။

နောင်မလုံကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့ နေရသော ပြဿနာများ ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ ၊ (၅)နှစ် တာကာလအပြီးတွင် ထိုရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက် မည့် နည်းလမ်းများ ၊ စီမံချက်များကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေး လုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် နည်းလမ်းများ ကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့အ အစည်းများ ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ ၊ စာပေပညာရှင်များ ၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာ ဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိလာနိုင်ရန် မျှော်လင့်နေပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့် ၊ ပြည်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလား ချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာ မြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များ နှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့်ကျေးလက် ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိ လာနိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့်တတ်ကျွမ်းသည့် ပညာ ရှင်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ တိကျသောလိုအပ်ချက်များကို ကျေးရွာလူထု ကိုယ်တိုင် သိရှိလာခြင်းကြောင့် ကျေးရွာလိုအပ်ချက်များကို ၎င်းတို့၏သုတေသန လုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများနှင့် မီဒီယာများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်လက်များကို ရရှိနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာငွေ ကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ် ၊ အာရှဖွံ့ဖြိုးရေးဘဏ်) ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလုပ်လာနိုင်မည်ဖြစ်ပါသည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တက်နိုင်သော ငွေကြေး ၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ပဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားခြင်း ဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း ၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံး နှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက် ပါမည်။ လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၄) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ

နောင်မလုံကျေးရွာသည် ရှမ်းပြည်နယ် ၊ မူဆယ်ခရိုင် ၊ နမ့်ခမ်းမြို့နယ်တွင် တည်ရှိပါသည်။ မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်း(၁)မိုင် ခန့်အထိ ဆက်စပ်လျက်ရှိပြီး အရှေ့ဘက်တွင် မန့်ဟောင်းကျေးရွာနှင့် တောင်ဘက်တွင် ကွန်လုံကျေးရွာ နယ်နိမိတ်ချင်း ထိစပ် လျက်ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

နောင်မလုံကျေးရွာသည် နမ့်ခမ်းမြို့နယ်ရှိ ကျေးရွာများနှင့် ထိစပ်လျက်ရှိပြီး လယ်မြေဧရိယာအတွင်းရှိပြီး မြေဩဇာကောင်းသည့်နေရာတွင်ရှိခြင်းကြောင့် စိုက်ပျိုးရေး အတွက် အခြေအနေကောင်းများအား သဘာဝကဲ့သို့ ပံ့ပိုးပေးထားသလို အလားတူ နေပါသည်။ ကျေးရွာလူထုအများအားဖြင့် အဓိကစိုက်ပျိုးရေးလုပ်ငန်းကိုသာ အားပြု လုပ်ကိုင် လျက်ရှိပါသည်။

(၅) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

နောင်မလုံကျေးရွာသည် နမ့်ခမ်းမြို့နယ်ရှိ နမ့်ခမ်းမြို့မှ (၁) မိုင်အကွာတွင်ရှိပြီး မန့်ဟောင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ လူဦးရေစုစုပေါင်း (၇၂၇)ဦးနှင့် အိမ်ထောင်စုပေါင်း(၁၆၃)အိမ်ရှိသောကြောင့် တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၆) ဦးနှုန်း နေထိုင်လျက်ရှိ ပါသည်။

(ခ) ကျား/မ ဆိုင်ရာ ဆက်နွယ်မှု

နောင်မလုံကျေးရွာ၏ လူမှုရေးအဖွဲ့အစည်းများကို ကြည့်လျှင် ရိုးရာအရ ရွာအတွင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းတိုင်းသည် ကျား/မ ပါဝင်မှုအချိုးအစားတစ်ခုဖြင့် ပါဝင် ဖွဲ့စည်းကြသည်ကိုတွေ့ရှိရပါသည်။ ကျေးရွာပြင်ပမှ လာရောက်ဖွဲ့စည်းသော အဖွဲ့အစည်း အများစု(ဥပမာ - အမျိုးသမီးရေးရာ ၊ မိခင်နှင့်ကလေးဖွံ့ထောက်ကော်မတီ)မှာ ကျေးရွာ

အတွက် အမြဲအားကိုးရပါသည် ဘာသာရေးဆိုင်ရာများတွင် ကျား/မ ခွဲခြားဖွဲ့စည်းမှု များပြားပြီး ပညာရေးကျန်းမာရေးရာများ (ဥပမာ- ကျောင်းကြပ်အဖွဲ့၊ ထုံးကြီးအဖွဲ့) စသည်တို့တွင် ကျား/မ တက်အားသရွေ့ မျှမျှတတ (ကွာ ခြားချက် ၂ ဦးသာရှိ) ဖွဲ့စည်းထားသည်မှာ နောင်မလုံကျေးရွာ၏ ထူးခြားချက်ဖြစ်ပါသည်။ အမျိုးသမီးအများစု သည် ကျေးရွာစည်းဝေးပွဲသို့ အလျဉ်းသင့်သလို တက်ရောက်ပြောဆိုနိုင်ကြပါသည်။

(၆) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

နောင်မလုံကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော် အစိုးရ နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည် ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ ထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

နောင်မလုံကျေးရွာသည် ဖွံ့ဖြိုးရေးကိစ္စရပ်များကို သာမန်အားဖြင့် အုပ်ချုပ်ရေးနှင့် ရပ်မိရပ်ဖ အဖွဲ့တို့က တိုင်ပင်ဆုံးဖြတ်လေ့ရှိပြီး တစ်ရွာလုံးက ပူးပေါင်းပါဝင် လေ့ရှိပါသည်။ အုပ်ချုပ်ရေးနှင့် ဆက်စပ်သည့် ကျေးရွာမီးသတ်တပ်ဖွဲ့ ၊ အမျိုးသမီးရေးရာ ၊ မိခင်နှင့်ကလေး ၊ ဂေါဇကအဖွဲ့အစည်း အမျိုးအစားစုံလင်စွာ ဖွဲ့စည်းထားရှိပြီး မှတ်တမ်းမှတ်ရာအားကောင်းပါသည်။ ရပ်မိရပ်ဖသည် အကြံပေးဖြစ်ပြီး သြဇာညောင်း သူများဖြစ်ကြပါသည်။သာရေး ၊နာရေးအတွက် အမှန်တကယ်တာဝန် ယူလုပ်ကိုင်သူများမှာ ရိုးရာဓလေ့အရ ဖွဲ့စည်းထားသော အဖွဲ့များဖြစ်ပြီး တစ်ရွာလုံးရှိ လူငယ် ၊ လူလတ် ၊ လူကြီးအားလုံးလိုလို သင့်လျော်ရာတွင် ပါဝင်ကြပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်မှုကဏ္ဍ

နမ့်ခမ်းမြို့နယ် နောင်မလုံကျေးရွာသည် လယ်ယာကဏ္ဍစိုက်ပျိုးရေးလုပ်ငန်း အားဖြင့်ပြောင်း၊ စပါးလုပ်ငန်း၊ ခရမ်းချဉ်သီး နှင့် ကော်ဖီထုတ်စိုက်ပျိုး လုပ်ကိုင် ဆောင်ရွက်လျှက်ရှိပါသည်။ လယ်ယာအသုံးပြုရန်လိုအပ်သည့် ရေအရင်း အမြစ် များအား နွေရာသီကာလမှ အခက်အခဲရှိခြင်းဖြင့် ၎င်းစိုက်ပျိုးထားသည့် လုပ်ငန်းများအတွက် အရည်သွေးညှံ့လာခြင်းကြောင်း ဖော်ထုတ်ကြပါသည်။ ခရမ်းချဉ်သီးနှင့် ကော်ဖီထုတ်ကို

အဓိကသီးနှံများ ဖော်ထုတ်ကြရာတွင် စပါးနှင့် ပြောင်းသည် ကျေးရွာ၏ပထမဝင်ငွေရသီးနှံဖြစ်ပြီး အမြတ်ရရှိနိုင်မှု (လတ်) အဆင့်တွင်ရှိပါသည်။

နောင်မလုံကျေးရွာသည် လယ်လုပ်ငန်းများသာ အဓိကအားဖြင့် လယ်သမားကြီးများဖြစ်ကာ လယ်ယာသီးနှံထွက်နှုန်းကိုသာ အားထားလုပ်ကိုင်လေ့ရှိကြပြီး လယ်များမှာ များသောအားဖြင့် ရောင်းဝယ်သာသာ ရည်ရွယ်စိုက်ပျိုးကြပါသည်။ ပြင်ပစီးပွားရေးအနေဖြင့် လုပ်ကိုင်နိုင်ခြင်း အနည်းငယ် သာရှိပါသည်။

ကွဲ ၊ နွား မွေးမြူမှုများ အနည်းငယ်သာရှိပြီး မြေယာအကန့်အသတ်ဖြစ်လာခြင်းနှင့်စည်းလွတ်ဥပဒေကြောင့်တိရိစ္ဆာန်များလွတ်ကျောင်း၍မရတော့ပဲ သတိဖြင့်ထိန်းကျောင်းကြရပါသည်။

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း

နောင်မလုံကျေးရွာသည် စိုက်ပျိုးရေး ၊ မွေးမြူရေး မဟုတ်သောအဖွဲ့နှင့် ဆွေးနွေးသိရှိချက်အ ရ- အခြားသောလုပ်ငန်းဖြစ်သည့် ခမောက်လုပ်ငန်း ၊ ပန်ရံလုပ်ငန်း ၊ သံပန်း သံတံခါးလုပ်ငန်း၊ ယက်ကန်းလုပ်ငန်းနှင့် စက်ချုပ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ရာသီအလိုက် စီးပွားရေးအဖြစ် ရောင်းဝယ်လုပ်ကိုင်လျှင်မိုးရာသီကာလတည်းသာ ရောင်းဝယ်ပြုလုပ်နိုင်ပြီး ကျန်ရှိသည့်ရာသီကာလတွင် ရောင်းဝယ်ရန်ခက်ခဲမှုရှိနေပါသည်။

(ဃ) အခြေခံ အဆောက်အဦး(လက်လှမ်းမှီ ရယူမှု)၊ လမ်း ၊ သတင်းနှင့် ဆက်သွယ်ရေး

နောင်မလုံကျေးရွာသည် နမ့်ခမ်းမြို့နယ်နှင့် ထိစပ်လျက်ရှိပြီး Main လမ်းမှ ရွာဝင်လမ်းထိပ်အား (၀/၃) ဖာလုံ ကျောက်ချောလမ်းများ ဖြစ်ကြပါသည်။ ယင်းသည် အိမ်ထောင်စု (၁၆၃) စု တည်ရှိပြီး အိမ်ထောင်စုတစ်စုလျှင် ဆက်သွယ်ရန် တယ်လီဖုန်းများရှာနှုန်းပြည့် အသုံးပြုလျက်ရှိပါသည်။

(၄) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

နောင်မလုံကျေးရွာသည် သာမန်အားဖြင့် ပဋိပက္ခမရှိပဲ ငြိမ်းချမ်းပါသည်။ လွန်ခဲ့သော နှစ်အနည်းငယ်များအား တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ဝင်များ၏ ဝင်ထွက်သွားလာနေကြသည့် နေရာဖြစ်သောလည်း အပစ်ခက်ရပ်စဲရေးဆိုင်ရာ သဘော တူညီမှုလက်မှတ်ရေးထိုးခြင်းကြောင့် လက်ရှိအချိန်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ ဝင်ထွက်သွားလာမှုမရှိတော့ပဲ အေးချမ်းစွာနေထိုင် လုပ်ကိုင်လျှက်ရှိပါသည်။ ဘာသာ ၊ ယဉ်ကျေးမှု အားကောင်းနေဆဲဖြစ်သည့် ကျေးရွာတစ်ရွာအဖြင့်ရပ်တည်ပြီး ကျေးရွာ၏ သဘာဝအရင်းအမြစ်များကို ဝိုင်းဝန်းထိန်းသိမ်းလုပ်ဆောင်လျှက်ရှိနေပါ သည်။

(၇) အဟန့်အတားနှင့် စိန်ခေါ်မှုများ

နမ့်ခမ်းမြို့နယ် နောင်မလုံကျေးရွာသည် လက်ရှိအချိန်ထိ သဘာဝဘေးအန္တရာယ် ဖြစ်လေ့ရှိ သည့် အကြောင်းရင်းများသည် အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ကျေးရွာအတွင်း၌ လက်ရှိအသုံးပြုလျှက်ရှိသည့် ကိုယ်ထူကိုယ်ထ လမ်းမီးတိုင်များသည် သတ်မှတ်သည့်စံချိန်စံညွှန်း မရှိခြင်းကြောင့် လေတိုက်လာလျှင် ၎င်းမီးတိုင်အား ကျိုးကြခြင်း

(၂) ကျေးရွာသည် ရွှေလီမြစ်နှင့် ထိစပ်လျှက်ရှိပြီး ကျေးရွာပိုင်မြေနေရာအား ရေတိုက်စားမှု ကြောင့် ပြိုကြလျှက်ရှိခြင်း

(၃) ကျေးရွာအတွင်း၌ လက်ရှိအသုံးပြုလျှက်ရှိသည့် လျှပ်စစ်မီးသည် တရုတ်နိုင်ငံမှ တဆင့် ဝယ်ယူအသုံးပြုလျှက်ရှိပြီး ကျေးရွာအတွင်းရှိ မီးကြိုးများအား Quality ညံ့ဖျင်းသော ကြောင့် အိမ်များအား မကြာခဏ မီးလောင်မှုဖြစ်ခြင်း

(၄) ပညာရေးဆိုင်ရာအားဖြင့် လက်ရှိကျေးရွာအတွင်းရှိ မူလတန်းကျောင်းသည် လူသွားလမ်း နှင့် ကပ်လျှက်တည်ရှိပြီး ခြံစည်းရိုးမကောင်းသောကြောင့် ပြန်လည်တည်ဆောက် ရန်ဆန္ဒရှိခြင်း

(၅) ကျောင်းသူ/သားများအတွက် အသုံးပြုရန် လိုအပ်လျှက်ရှိသည့် ယင်လုံအိမ်သာ၊ စာပွဲခုံ နှင့် ကျောင်းအတွင်း၌ ကြမ်းခင်းများအား တည်ဆောက်သွားရန်လည်း လိုအပ်လျှက်ရှိ ပါသည်။

(၆) စိုက်ပျိုးသီးနှံကာလ၌ စိုက်ပျိုးရန်အသုံးသည့် ရေအားလုံလောက်မှုမရရှိခြင်း

(၇)စိုက်ပျိုးရေးအသုံးပြုရန်အတွက် နိုင်ငံတော်မှ လုံလောက်စွာဖြန့်ဖြူးမှု မရှိသည့် အတွက် တရုတ်နိုင်ငံမှတဆင့် ဈေးနှုန်းမြင့်မားစွာဖြင့် ဝယ်ယူအသုံးပြုနေရခြင်း

(၈) ထွက်ရှိလာသည့်ထုတ်ကုန်များအား ဈေးကွက်စီးပွားရေးစနစ်မထိုးဖောက်နိုင်မှု ကြောင့် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းဝယ်နေရခြင်း

(၉) မွေးမြူရေးဆိုင်ရာလုပ်ငန်းများအား အစာရေစာလုံလောက်မှု မရှိသည့်အတွက် ကွဲ ၊ နွား များကို အစာလုံလောက်မှုများ မကျွေးမွေးနိုင်ခြင်း

(၁၀)တစ်ချို့သောနေရာများသည် မူးယစ်ဆေးဝါး ရောင်းဝယ်ပြုလုပ်လျှက်ရှိပြီး တစ်ချို့သော လူငယ်လူ ရွယ်များအား ရောင်းဝယ်သုံးစွဲလျှက်ရှိနေခြင်း

(၁၁)ပညာရေးတက်မြောက်မှု အားနည်းလျှက်ရှိသည့်အတွက် လူမှုရေးဆိုင်ရာ ပြောဆိုဆက်ဆံရာ၌ ခက်ခဲမှုများစွာရှိနေခြင်း

(၁၂)နောင်မလုံကျေးရွာသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိစပ်လျှက်ရှိပြီး အချို့သောကျေးရွာလူထုသည် နိုင်ငံကူးလက်မှတ်ဖြင့် ကိုင်ဆောင်မှုမရှိပဲ ဝင်ထွက်ပြုလုပ်လျှက်ရှိနေ ခြင်း

(၈) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်းနှင့် ဗျူဟာ

ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျ အားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်း

များဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ထားခဲ့ကြပါသည်။

(က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး ၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့်ပညာရေးကို အလေးထားပြီး ကလေးများ နှင့် လူငယ်များ အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်-

(၁) ကျေးရွာဖွံ့ဖြိုးရေး စီမံအုပ်ချုပ်မှုကဏ္ဍကို ပိုမိုပွင့်လင်းမြင်သာစွာဖြင့် တာဝန်ယူမှုရှိစေရန်

(၂) ကျေးရွာတွင်းလမ်းများကဲ့သို့သော အခြေခံအဆောက်အဦးများအား ပိုမိုခိုင်မာအားကောင်းစေခြင်းဖြင့် ကျေးရွာလူထုများ လုံခြုံအဆင်ပြေချောမွေ့စွာ နေထိုင်သွားလာစေရန်

(၃) စိုက်ပျိုးရေးကဏ္ဍ ထုတ်ကုန်မြင့်မားလာရေး စက်မှုလယ်ယာအတွက် စက်ကိရိယာများ ပိုမိုတိုးတက်အသုံးပြုနိုင်စေရန်

(၄) မူးယစ်ဆေးဝါး၏ဆိုးကျိုးများကို ပိုမိုသိရှိနားလည်လာစေပြီး လူမှုစီးပွားအကျိုးသက် ရောက်မှုများ လျော့ကျလာစေရန်

(ခ) နည်းဗျူဟာ

လက်တွေ့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို ဖော်ပြပါအတိုင်း အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည် ပါသည်။

ကျေးရွာအတွင်းကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေး ၊ ဖွဲ့စည်းထားရှိပြီးသော ကျေးရွာဖွံ့ဖြိုးရေး ကော်မတီတို့က သက်ဆိုင်ရာ

ဌာနများဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ချိတ်ဆက်ကြမည်ဖြစ်ပါသည်။ ယင်းကော်မတီအနေဖြင့် ကျေးရွာအတွင်းရှိ သက်ဆိုင်ရာကျေးရွာအခြေပြု အဖွဲ့အစည်းများဖြင့် တွဲဖက်ကာ သင့်လျော်သည့် ကျေးရွာသူ ၊ ကျေးရွာသားများ ပူး ပေါင်းပါဝင်နိုင်မည့်အချိန်များကို ဖော်ထုတ်သတ်မှတ်ကာ ဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲခြင်း ၊ ကြီးကြပ်အကောင်အထည်ဖော်ခြင်း ၊ ကျေးရွာလူထုသို့ စီမံကိန်း အကောင်အထည်ဖော်မှုအခြေအနေများ ကို စာရင်းဇယား နှင့်တကွတင်ပြခြင်း ၊ အမေးအဖြေပြုခြင်းများဖြင့် ဆက်လက်တိုးတက် လုပ်ကိုင်မည် ဖြစ်ပါသည်။

(ဂ) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ ပြုပြင်ရေး ဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန်အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့် ပါသည်။

(ဃ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့် သတ်မှတ်ခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့ စီမံချက်များကို ရေးဆွဲရာတွင်မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများ နှင့် အခြား သော အေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်း များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁၀) အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အချိန်ကာလ

(က) စီမံကိန်းလုပ်ငန်းများအား နှစ်အလိုက် ဆောင်ရွက်ရန် ဦးစားပေးဆောင်ရွက်ရန်

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းလုပ်ငန်းအား ကွင်းဆင်းဆောင်ရွက်ချက်များနှင့် အခြေခံ၍ ရေးဆွဲထားပါ သည်။ ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများကို နှစ်စဉ်ပြုပြင်ရေးဆွဲသွားမည် ဖြစ်ပါသည်။ စီမံကိန်း အပိုင်းအခြားများအားအောက်ပါဇယားဖြင့် ဖော်ပြထားပါသည်-

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	လျှပ်စစ်မီးရရှိရန်အတွက် ဆောင် ရွက်ခြင်း		✔	✔	✔		
၂	ကျေးရွာထုတ်ကုန်များ မြှင့်တင်ခြင်း			✔			
၃	မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် သုံးစွဲမှုများ ပပျောက်ရေ		✔	✔	✔		
၄	ရွှေလီမြစ် ရေတားတမံ တိုက်စားမှု ကာကွယ်ရန်အတွက် ပြုပြင်ခြင်း		✔	✔	✔	✔	✔
၅	လူငယ်များအတွက် အားကစားကွင်း ပြုပြင်ရန် လိုအပ်ခြင်း			✔	✔		
၆	စာသင်ကျောင်းမှ အသုံးပြုရန် လို အပ်သည့် စာသင်ခုံများအား ဝယ်ယူခြင်း				✔	✔	
၇	ကျေးရွာလမ်းမှ အဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိခြင်း				✔	✔	
၈	အမျိုးသမီးများအခန်းကဏ္ဍ၏တန်းတူလုပ်အားခ ရရှိရန် လိုအပ်လျက်ရှိခြင်း		✔	✔	✔	✔	✔
၉	သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ခြင်း		✔	✔	✔	✔	✔

၁၀	အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လျက်ရှိခြင်း		✔	✔	✔	✔	✔

(ခ)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အဓိက ဦးစားပေး ဆောင်ရွက်ရန် စီမံကိန်းလုပ်ငန်း လိုအပ်ချက်များ

နောင်မလုံကျေးရွာသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ကျေးရွာလူထုများ၏ အဓိက လိုအပ်ချက်ရှိသည့် အခြေအခံအဆောက်အဦးပိုင်းဆိုင်ရာများအား ဦးစားပေးဆောင်ရွက်ရန် ဆွေးနွေးကြပြီး အစိုးရထောက်ပံ့ငွေ ၊ ပြည်တွင်းပြည်ပ အလှူရှင်များ နှင့် ကျေးရွာထည့်ဝင်ငွေများ ပူးပေါင်းကာ အဓိက ဦးစားပေးဆောင်ရွက်သွား (၅) နှစ်စီမံကိန်းလုပ်ငန်းများအား အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	စီမံချက် (Project)	ဦးစားပေးအဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	လျှပ်စစ်မီးရရှိရေး ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိခြင်း	၁	✔				
၂	အဝီစိတွင်း တူးဖော်ရန် လိုအပ် လျက် ရှိခြင်း	၂		✔			
၃	ကျေးရွာတွင်းရှိ ကျောက်လမ်းမှ ကတ္တရာလမ်းအဆင့်မြှင့် တင်ခြင်း	၃			✔		
၄	စာသင်ကျောင်းခြံစည်းရိုးများအား တည်ဆောက်ရန် လိုအပ်လျက် ရှိခြင်း	၄				✔	
၅	ရွှေလီမြစ် ရေတားတမံ တည်ဆောက်ရန် လိုအပ်လျက်ရှိခြင်း	၅					✔

(၁၁) နောင်မလုံကျေးရွာ၏ ကျေးရွာဆိုင်ရာ အခြေခံအချက်အလက်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း

ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ အကူအညီဖြင့် အချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးအမည်	ကျေးရွာအုပ်ချုပ်ရေးမှူး ဖုန်းနံပါတ် 09-252705618	
ပြည်နယ်/တိုင်းဒေသကြီး ကချင်	မြို့နယ် နှင့်ဘော်	ကျေးရွာအုပ်စု မန်စောင်း ကျေးရွာ ဆောဒေလံ

က. လူဦးရေ

လူမျိုးစု	အိမ်ထောင်စုအရေအတွက်	ကိုးကွယ်သည့်ဘာသာ	အိမ်ထောင်စုအရေအတွက်
လူမျိုးစု (၁)---ကချင်	163	ဘာသာ(၁)---ခရစ်ယာန်	163
လူမျိုးစု (၂)----------		ဘာသာ(၂)----------	
လူမျိုးစုရော----------		ဘာသာရော----------	

	အမျိုးသား(အရေအတွက်)	အမျိုးသမီးအရေအတွက်
လူဦးရေ	362	365
အိမ်ထောင်ဦးစီး	126	37

(ခ)လက်လှမ်းမီအသုံးပြုနိုင်သည့်အဆောက်အဦးများ

စာသင်ကျောင်း	အမှတ်ခြစ်ပါ	ကျန်းမာရေး	အမှတ်ခြစ်ပါ	ဘာသာရေးအဆောက်အဦ	အမှတ်ခြစ်ပါ
အထက်တန်းကျောင်း	☐	ဆေးရုံ	☐	စေတီ	☑
အလယ်တန်းကျောင်း	☐	ကျန်းမာရေးဌာန	☐	ဘုန်းကြီးကျောင်း	☑
မူလတန်းကျောင်း	☑	ကျန်းမာရေးဌာနခွဲ	☐	ဟိန္ဒူဘုရားကျောင်း	☐
မူကြိုကျောင်း	☑	ဆေးပေးခန်း	☐	ခရစ်ယာန်ကျောင်း	☐
အခြား	☐	အခြား	☐	ဗလီ	☐
				အခြား	☐
မှတ်ချက်		မှတ်ချက်		မှတ်ချက်	

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း

(၈)ကျွမ်းကျင်သူများမှတ်တမ်း ၊ကျေးရွာတွင်နေထိုင်သောသို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ

(၁)စာသင်ကျောင်း			(၂)ကျန်းမားရေး			(၃)လက်မှုပညာရှင်		
	ရွာတွင်နေထိုင်သူ	အခြားရွာမှလာသူ		ရွာတွင်းနေထိုင်သူ	အခြားရွာမှလာသူ		ရွာတွင်းနေထိုင်သူ	အခြားရွာမှလာသူ
မူလတန်းပြဆရာ၊ဆရာမ	☐	☑	ဆရာဝန်	☐	☐	လက်သမား	☑	☐
အထက်တန်းပြဆရာ ဆရာမ	☐	☐	လက်ထောက် ကျန်းမာရေးမှူး	☐	☐	ပန်းရံ	☑	☐
အလယ်တန်းပြဆရာ ၊ဆရာမ	☐	☐	အမျိုးသမီးကျန်း မာရေးဆရာမ	☐	☐	လျှပ်စစ်ဆိုင်ရာ	☐	☐
မူကြိုဆရာ၊ဆရာမ	☑	☐	အရံသားဖွား	☑	☐	ရေပိုက်သွယ်သူ	☐	☐
အခြား	☐	☐	ပြည်သူ့ကျန်းမာရေးလုပ်သား (၁)/(၂)	☐	☐	စက်ပြင်ဆရာ	☑	☐
မှတ်ချက်			မှတ်ချက်			မှတ်ချက်		

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့်ဆက်သွယ်ထားသောလမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား _____

(c) ကျေးရွာဖွံ့ဖြိုးမူစီမံချက် ဝိုင်းပါ

(၁) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမစတင်မီကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမူ စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကိုမည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်---၃-----/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်

ခြောက်သွေ့ရာသီတွင်ကြာချိန်----၁၀ မိနစ်----ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား ----------

မိုးရာသီတွင်ကြာချိန်----၁၅ မိနစ်----ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား ----------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ် -

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်းရှိပါသလား။

□မရှိပါ ☑ရှိပါသည် ရှိလျှင်ဖေါ်ပြပါ---ရေဘေးနှင့်မိုးသီးသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း

(ဇ)ကျေးရွာတွင် ဖွဲ့စည်းထားသောအဖွဲ့အစည်းများ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမတိုင်မီကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့)
စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁)----လူငယ်အဖွဲ့၊ ဂျမ်ဖိုရပ်ဖ၊ ဆယ်အိမ်စောင့်၊ အဖိုးသမီးကျင်း၊ ဘေစင်သူလယ်သမား အဖွဲ့
(၂)----------

ကျေးရွာအုပ်ချုပ်ရေးမှူး
အုပ်ချုပ်ရေးမှူး
မန့်ပေဘောင်းကျေးရွာအုပ်စု၊ နမ့်ခမ်းမြို့နယ်၊


အမည် ခိုင်စံစော
လက်မှတ်
နေ့စွဲ ၁၃-၁-၂၀၁၈

(၁၂)လူထုပူးပေါင်းပါဝင်သောဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် PRA/PSA အကျဉ်းချုပ်ဇယား

စဉ်	အသုံးပြုခဲ့သော PRA Tools များ
၁	ကျေးရွာအရင်းအမြစ်ပြမြေပုံ (Social Map)
၂	ရာသီခွင်ပြပြက္ခဒိန် (Seasonal Calandar)
၃	ဥစ္စာဓနကြွယ်ဝမှု ဆန်းစစ်ခြင်း (Wealth Ranking)

(၁၃) ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PAR Tools များနှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

(က) ကျေးရွာအရင်းအမြစ်ပြမြေပုံ(SocilaMap)



လူမှုရေးအရင်းအမြစ်ပြမြေပုံသုံးသပ်ခြင်း

- နောင်မလုံကျေးရွာသည် နမ့်ခမ်းမြို့နယ်လမ်းမပေါ်တွင် ဆက်သွယ်ထားသည့် ကျောက်လမ်းကိုကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ပေးရန်လိုအပ်လျက်ရှိပါသည်။
- လက်ရှိအသုံးပြုသည့် စာသင်ကျောင်းသည် ခြံစည်းရိုးကောင်းမွန်မှုမရှိခြင်း ၊ ကြမ်းခင်းပျက်စီးခြင်းနှင့် စာသင်ကျောင်းမှ အသုံးပြုရန်လိုအပ်သည့် အိမ်သာ တို့အားအသစ်ပြန်လည်တည်ဆောက်ရန် လိုအပ်လျက်ရှိပါသည်။
- ရွာတွင်းလမ်းမီးတိုင်အားစံချိန်စံညွှန်းကောင်းမွန်သည့် မီးတိုင်ကိုအသစ်ပြန်လည် အစားထိုးပေးရန် လိုအပ်လျက်ရှိပါသည်။
- ရွှေလီမြစ်ရေတိုက်စားမှုကြောင့် စိုက်ပျိုးထားသည့် လယ်/ယာများပျက်စီးမှုရှိသောကြောင့် ၎င်းအားပျက်စီးမှုမရှိစေရန်အတွက် ရေထိန်းတံမံတည်ဆောက်ရန် လိုအပ်လျက်ရှိပါသည်။
- ရွာတွင်းလမ်းအားပျက်စီးမှုမရှိစေရန်အတွက် ရေမြောင်းများဖောက်လုပ်ရန် လိုအပ် လျက်ရှိပါသည်။


(ခ)ရာသီခွင်ပြပြက္ခဒိန်(Seasonal Calandar)



နောင်မလုံကျေးရွာရာသီခွင်ပြပြကွဒိန် သုံးသပ်ခြင်း

- နောင်မလုံကျေးရွာသည် ပူအိုက်သည့်ရာသီအတွက် တပေါင်းလ၊တန်ခူးလနှင့် ကဆုန်လတို့ ဖြစ်ပါသည်။ မိုးရွာသည့်ရာသီကာလသည် ပြာသို၊ တပိုတွဲ ၊ ဝါဆို ၊ ဝါခေါင်လနှင့် တော်တလင်းလတို့ဖြစ်ပါသည်။
- စိုက်ပျိုးရေးကာလသည် ပြာသိုလ၊ ကဆုန်လနှင့် ၊ ဝါဆိုလတို့ဖြစ်ကြပါသည်။
- စီပွာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းသည် ဝင်ငွေအသင့်တင့်ရရှိသည့်ရာသီကာလသည် ကဆုန်လနှင့် တန်ဆောင်မုန်းလတို့ဖြစ်ပါသည်။
- ကျေးရွာအတွက် လက်ရှိသောက်သုံးရေကိုတန်ခူးလနှင့် ကဆုန်လတို့အား ရေခက်ခဲမှုရှိနေသည်။
- မိုးရာသီကာလအလွန် နောင်မလုံကျေးရွာရှိရွာလူထုများသည် ငှက်ဖျားရောဂါ နှင့် ဝမ်းပျက်ရောဂါများဖြစ်လေ့ရှိသောရာသီကာကိုတော်သလင်းလနှင့် သတင်းကျွတ်လတို့ ဖြစ်ပါသည်။
- ပွဲတော်ကျင်းပလေ့ရှိသည့်ကာလသည် တပိုလွဲ၊ တပေါင် ၊ တန်ခူး ၊ သတင်းကျွတ် လနှင့် တန်ဆောင်မုန်းလတို့ဖြစ်ပါသည်။
- ရွှေလီမြစ်ရေတိုက်စားမှုကြောင့် သဘာဝဘေးဖြစ်လေ့ရှိသည့်ရာသီကာလသည် တပို တွဲလ ၊ ဝါဆိုလ၊ ဝါခေါင်လနှင့် တော်သလင်းလတို့ဖြစ်ပါသည်။

(ဂ)ဥစ္စာဓနကြွယ်ဝမှုဆန်းစစ်ခြင်း(Wealth Ranking)



နောင်မလုံကျေးရွာကြွယ်ဝမှုအခြေအနေအားသုံးသပ်ခြင်း

- နောင်မလုံကျေးရွာသည် အိမ်ခြေအားဖြင့် (၁၆၈) ရှိပါသည်။ မြေစာရင်းဦးစီးဌာနမှ သတ်မှတ်ပေးသည့် မြေယာသုံးစွဲမှုပုံစံ(၇)ကို (၅၆)အိမ်ရရှိပြီးစိုက်ပျိုးရေး ကာလမှာမြေယာပြဿနာဖြစ်လေ့ရှိပါသည်။
- ကျေးရွာတွင်းရှိအိမ်များသည် ထရံ ၊ သွပ်မိုးအိမ်များဖြစ်သည့်အတွက် မိုးရာသီကာလတွင် ရေစိမ့်ဝင်မှုကြောင့် အခက်အခဲမှုရှိပါသည်။
- ကိုယ်ပိုင်မော်တော်ယာဉ် ၊ ထော်လာဂျီနှင့် လယ်ယာသုံးစက်ပစ္စည်း များအား စိုက်ပျိုးရေးအတွက် အသုံးပြုနိုင်ရန် ပိုင်ဆိုင်မှုအတင့်သင့်ရှိထားပါသည်။
- နောင်မလုံကျေးရွာသည် ကျေးရွာလူထုများ၏အဓိကလုပ်ငန်းများသည် ပြောင်းဖူးစိုက်ပျိုးခြင်းကြဲစိုက်ပျိုးခြင်း ၊ ဂေါ်ဖီထုတ် ၊ ခရမ်းချဉ်သီးနှင့် သခွားသီးတို့ဖြစ်ကြပါသည်။ ထွက်ရှိလာသည့် စိုက်ပျိုးရေးထွက်ကုန်များကိုတရုတ်နိုင်ငံဘက်သို့ သယ်ပို့ရောင်းချလျှက်ရှိပါသည်။ ပညာရေးတက်မြောက်မှုနှင့် မြန်မာဘာသာစကားကျွမ်းကျင်မှု မရှိသည့်အတွက် အိမ်ထောင်စုတိုင်းသည် လူမှုရေးကဏ္ဍ နယ်ပယ်တွင် ခက်ခဲမှုရှိပါသည်။
- **(၁၄) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းအားရွေးချယ်ရန်အတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**



(၁၅) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းအားရွေးချယ်ရန်အတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ





(၁၆) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းအားရွေးချယ်ရန်အတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



(၁၇) ကျေးရွာလက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုဝေဖန်ဆန်းစစ်နိုင်ရန်အတွက် အောက်ပါအုပ်စုများအားအုပ်စုလိုက်ခွဲ၍ ဆွေးနွေးခြင်း

စဉ်	အုပ်စုလိုက်ဆွေးနွေးခြင်း (Focus Group Discussion)
၁	ရပ်မိ/ရပ်ဖ အဖွဲ့
၂	တောင်သူအဖွဲ့
၃	စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သောအဖွဲ့
၄	အမျိုးသမီးအဖွဲ့
၅	လူငယ်အဖွဲ့
၆	ရွာလုံးကျွတ် အမျိုးသား/ အမျိုးသမီး သီးသန့်အဖွဲ့

(၁၈) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျတ်ပမာဏများသည် ရည်ညွှန်း နမူနာအဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှတ်တကယ်လိုအပ်သော ဘက်ဂျတ်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင် မှုပေးသည့်လုပ်ငန်းများထံမှ ဘက်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည် လိုအပ်လျက်ရှိပါသည်။

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	လျှပ်စစ်မီးရရှိရန်အတွက် ဆောင်ရွက်ခြင်း					
၂	ကျေးရွာထုတ်ကုန်များ မြှင့်တင်ခြင်း					
၃	မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် သုံးစွဲမှုများ ပပျောက်ရေ					
၄	ရွှေလီမြစ်ရေတားတမံ တိုက်စားမှုကာကွယ်ရန်အတွက် ပြုပြင်ခြင်း					
၅	လူငယ်များအတွက် အားကစားကွင်း ပြုပြင်ရန် လိုအပ်ခြင်း					
၆	စာသင်ကျောင်းမှ အသုံးပြုရန် လိုအပ်သည့်					

	စာသင်ခုံများအား ဝယ်ယူခြင်း					
၇	ကျေးရွာလမ်းမှ အဆင့်မြှင့်တင်ရန် လိုအပ်လျှက် ရှိခြင်း					
၈	အမျိုးသမီးများအခန်းကဏ္ဍ၏တန်းတူလုပ်အားခရရှိရန်လိုအပ်လျှက် ရှိခြင်း					
၉	သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ခြင်း					
၁၀	သောက်သုံးရေလုံလောက်မှုရရှိအောင် အောင်ရွက်လျှက်ရှိခြင်း					

(၁၉) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေး နှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်သာ တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရေးမှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကတာဝန်ယူဆောင်ရွက်လျှက် ရှိပါသည်။ အဖွဲ့အစည်းအသီးသီး ၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်သွားပါ့မည်။

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေ ဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာနည်းပညာပံ့ပိုးပေးမည့် ဌာနများကို ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရှိရပါသည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက် ဖော်ပြပါအဖွဲ့အစည်များမှာ ပါဝင်မည်ဖြစ်သည်ကို သိရှိထားပါသည်။

- ဆောက်လုပ်ရေး ၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး ၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာပိုင်းဆိုင်ရာနှင့် စီမံ

  ခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစ ည်း များ ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ ၊ လူထုအခြေပြု အဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော စီမံကိန်းလုပ်ငန်းကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်း တစ်ခုလုံးလွှမ်း ခြုံကြီးကြပ်ရန်အတွက် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန် ပေးထားသော အဖွဲ့ခွဲ၏ တာဝန် သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တာဝန်ပေးထားသောအဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအတွက် ငွေကြေး ဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များအတွက် လုပ်ငန်းစီမံကိန်းများအား ပြုပြင်ထိန်းသိမ်းနိုင်ရန် ငွေကြေးဆိုင်ရာ

ကောက်ခံဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လက်ရှိအချိန်အားတွင် ပြုပြင်စရိတ်အတွက် ကောက်ခံသွားရန် ကော်မတီဝင်များအ နေဖြင့် ကျေးရွာလူထုတို့နှင့် တွေ့ဆုံဆွေးနွေးသွားမည် ဖြစ်ပါသည်။

(၂၀) စောင့်ကြည့်စစ်ဆေးခြင့်နှင့် အကဲဖြတ်ခြင်းဆိုင်ရာ

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း အကောင် အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စု များ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်လျှက်ရှိသည်ကို တွေ့ရှိပါသည်။ အထူးသဖြင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု ၊ ငွေကြေးပိုင်း ဆိုင်ရာတိုးမှုနှင့် ကျား/မရေးရာတန်းတူ ပါဝင်မှုတို့ဖြင့် စောင့်ကြည့်စစ်ဆေးလျှက်ရှိပါသည်။ ကြီးကြပ် စစ်ဆေးခြင်းလုပ်ငန်းတို့ကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့်သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းလိုက် တာဝန်ယူ ဆောင်ရွက်နေသာ အဖွဲ့အသီးသီး ၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ အခန်းကဏ္ဍ အလိုက် စစ်ဆေးသုံးသပ်လျှက်ရှိပါသည်။

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ်အောက်	နို့စို့အရွယ်	၉	၉	၁၈	
၁နှစ်မှ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၂၃	၂၃	၄၆	
၅နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၄၃	၄၁	၈၄	
၉နှစ်အထက်မှ ၁၅နှစ်အထိ	အလယ်တန်းကျောင်းသား အရွယ်	၃၈	၃၁	၆၉	
၁၅နှစ်အထက်မှ ၆၀ နှစ်အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၇၄	၂၇၂	၅၄၆	
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်အို	၉	၁၅	၂၄	
စုစုပေါင်းလူဦးရေ		**၃၉၆**	**၃၉၁**	**၇၈၇**	

လေ့လာတွေ့ရှိချက် ။။ ဖော်ပြပါဇယားကို ကြည့်ရှုခြင်းအားဖြင့် ထူးခြားစွာ တွေ့ရှိရသည်မှာ အလုပ် လုပ်နိုင်သည့်အရွယ်မှာ စုစုပေါင်းလူဦးရေအားဖြင့် (၇၈၇) မှ (၅၄၆) ရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် (၆၉.၄)% ရှိသည်ကို သိသိသာသာ တွေ့ရှိရပါသည်။

(၁.၂) လုပ်သားအင်အား

(ဇယား ၂) နောင်မလုံကျေးရွာ လုပ်ငန်းအခြေပြဇယား

စဉ်	လုပ်ငန်း	အဓိကအလုပ်အကိုင် (အိမ်ထောင်စု)	%	အခြားဝင်ငွေရ လုပ်ငန်း(လူဦးရေ)	မှတ်ချက်
၁	**စိုက်ပျိုးရေး(သီးနှံထုတ်လုပ်ရေး)**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား ၊အခစားလုပ်သားကူညီ လုပ်ကိုင်သူမိသားစုဝင်	၇၂	၄၄	၇၂	

၂	**မွေးမြူရေးလုပ်ငန်း**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား ၊အခစားလုပ်သားကူညီ လုပ်ကိုင်သူမိသားစုဝင်				
၃	**ငါးမွေးမြူရေးလုပ်ငန်း**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား၊အခစားလုပ်သား ကူညီ လုပ်ကိုင်သူမိသားစုဝင်				
၄	**သတ္တုတွင်း၊ ကျောက်တူးဖော်ခြင်းနှင့် သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲသောလုပ်ငန်းများ**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား၊အခစားလုပ်သား ကူညီ လုပ်ကိုင်သူမိသားစုဝင်				
၅	**ထုတ်ကုန်လုပ်ငန်းများ**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား၊အခစားလုပ်သား ကူညီ လုပ်ကိုင်သူမိသားစုဝင်				
၆	**လျှပ်စစ်၊သဘာဝခါတ်ငွေ့နှင့် ရေပေးဝေရေး**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား၊အခစားလုပ်သား ကူညီ လုပ်ကိုင်သူမိသားစုဝင်				

၇	**ဆောက်လုပ်ရေး ၊ လက်သမားနှင့် ပန်းရံလုပ်ငန်းများ**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား၊အခစားလုပ်သားကူညီ လုပ်ကိုင်သူမိသားစုဝင်	၁၈	၁၁%	၁၈	
၈	**ယဉ်ကားစက်ပြင်နှင့် အိမ်တွင်း စက်ပစ္စည်းကိရိယာများ ပြုပြင်ခြင်း လုပ်ငန်း**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား၊အခစားလုပ်သားကူညီ လုပ်ကိုင်သူမိသားစုဝင်				
၉	**လက်လီလက်ကား(ကုန်စုံဆိုင်စ သည်) ရောင်းဝယ်ရေးအမျိုးမျိုး**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား၊အခစားလုပ်သားကူညီ လုပ်ကိုင်သူမိသားစုဝင်	၅	၃%	၈	
၁၀	**ဝန်ဆောင်မှုလုပ်ငန်းများ(ဆံသ၊စက် ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း)စသည်**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား၊အခစားလုပ်သားကူညီ လုပ်ကိုင်သူမိသားစုဝင်	၇	၄%	၂	
၁၁	**ဟိုတယ် ၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား၊အခစားလုပ်သားကူညီ လုပ်ကိုင်သူမိသားစုဝင်				

၁၂	**ပို့ဆောက်ဆက်သွယ်ရေး နှင့် ကုန်စည်သိုလှောင်မှု လုပ်ငန်းများ**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား၊အခစားလုပ်သားကူညီ လုပ်ကိုင်သူမိသားစုဝင်				
၁၃	**ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ(ဘဏ်လုပ်ငန်းနှင့်ငွေတိုးချေးခြင်း အပါအဝင်ဘဏ္ဍာရေးလုပ်ငန်းများ)**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား၊အခစားလုပ်သားကူညီ လုပ်ကိုင်သူမိသားစုဝင်				
၁၄	**အိမ်၊ ခြံ ၊ မြေရောင်းဝယ်ငှားနှင့် အလားတူလုပ်ငန်းများ**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား၊အခစားလုပ်သားကူညီ လုပ်ကိုင်သူမိသားစုဝင်				
၁၅	**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ ကာကွယ်ရေး၊လူမှုလုံခြုံရေးစသည်**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား၊အခစားလုပ်သားကူညီ လုပ်ကိုင်သူမိသားစုဝင်				
၁၆	**ပညာရေး**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား၊အခစားလုပ်သားကူညီ			၁	

	လုပ်ကိုင်သူမိသားစုဝင်				
၁၇	**ကျန်းမာရေး**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား၊အခစားလုပ်သားကူညီ လုပ်ကိုင်သူမိသားစုဝင်			၁	
၁၈	**လူမှုရေးလုပ်ငန်းများ**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား၊အခစားလုပ်သားကူညီ လုပ်ကိုင်သူမိသားစုဝင်				
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သား များနှင့် အမျိုးအမည်ခွဲခြားမရနိုင်သော ထုတ်လုပ်မှုလုပ်ငန်းများ**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား၊အခစားလုပ်သားကူညီ လုပ်ကိုင်သူမိသားစုဝင်	၆၂	၃၈%	၂၈	
၂၀	**ပြင်ပအဖွဲ့အစည်းများ**				
	စီးပွားရေးလုပ်ငန်း				
	ကိုယ်ပိုင်လုပ်သား၊ ဝန်ထမ်း၊ နေ့စား၊အခစားလုပ်သားကူညီ လုပ်ကိုင်သူမိသားစုဝင်				

(၁.၃) စိုက်ပျိုးနိုင်သော မြေဧရိယာ(မြေအသုံးချမှု)

(၁.၃.၁) နောင်မလုံကျေးရွာ၏ စိုက်ပျိုးမြေဧရိယာ(မြေအသုံးချမှု)

(ဇယား-၃) နောင်မလုံကျေးရွာ စိုက်ပျိုးမြေအသုံးချမှု အခြေအနေ

မြေအမျိုးအစား	ပမာဏ(ဧက)	မြေအရည်အသွေး	ဆည်ရေရရှိမှု	ရေအရင်းအမြစ်ရရှိနိုင်မှု	မှတ်ချက်
လယ်မြေ	၁၅၆	ကောင်း	မရှိ	ရွှေလီမြစ်	
ယာမြေ	၈၁	ကောင်း	မရှိ	±	
ဥယျာဉ်ခြံမြေ					
သစ်တောမြေ	-	-	-	-	-
စားကျက်မြေ	-	-	-	-	-
အခြားမြေနု	-	-	-	-	-
ကျွန်းမြေ	၁၃				
စုစုပေါင်း	၂၅၀				ရွှေလီမြစ်နှင့် ဆက်စပ် လျှက်ရှိခြင်း

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိလာသော သတင်းအချက်အလက်များနှင့် နောင်မလုံကျေးရွာ၏ လယ်ယာမြေ သန်ခေါင်စာရင်းမှတ်ပုံတင် အချက်အလက်များဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်များအရ - နောင်မလုံကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားပြီး ဆောင် ရွက်လျှက်ရှိပါသည်။ မြေဧက (၂၅၀) ရှိသည့်အနက်မှ (၁၅၆) သည် စပါး ၊ ပြောင်း ၊ ကြဲ နှင့် အခြား သော သစ်သီးဝါလံများ စိုက်ပျိုးရောင်းဝယ်လျှက်ရှိပါသည်။ ကျန်ရှိသည့် (၈၁) ဧကသည် ရာဘာ နှင့် သစ်ကြားပင်များ စိုက်ပျိုးထားလျှက်ရှိပါသည်။ နောင်မလုံကျေးရွာနှင့် ရွှေလီမြစ်ကြားတွင် ကျွန်းမြေအဖြစ် (၁၃)ကရှိပြီး နွေရာသီတွင် ခရမ်းချဉ်သီးနှင့် မုန်လာဥနီ များ စိုက်ပျိုးလျှက်ရရှိသည်ကိုသိရှိထားပါသည်။

(၁.၃.၂) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

(ဇယား-၄) နောင်မလုံကျေးရွာ ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု(များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/မမှီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ	မရှိ

ဓါတ်သတ္တု (သဲ)	ရွှေလီမြစ်အတွင်းသဲထုတ်လုပ်နိုင်ခြင်း	လွယ်
အခြားသဘာဝအရင်းအမြစ်များ	မရှိ	မရှိ
တိရိစ္ဆာန်မျိုးစိတ်များ	မရှိ	မရှိ
အပင်မျိုးစိတ်များ(နွားစာ၊ ဆေးဘက်ဝင်အပင်များ)	ညောင်ပင်ရှိခြင်း	လွယ်

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိလာ သော အချက်အလက်ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက် - နောင်မလုံကျေးရွာနှင့် ထိစပ်လျက်ရှိသည့် ရွှေလီမြစ်သည် သဲနုများ ထုတ်ယူ သုံးစွဲနိုင်လျက်ရှိပြီး စီးပွားရေးလုပ်ငန်းအတွက် လွယ်ကူစွာ လက်လှမ်းမှီ သုံးစွဲနိုင်လျက်ရှိပါသည်။ ကျေးရွာ၏ရွာလယ်အတွင်း၌ နှစ်ပေါင်း ၃၀ ကျော်ရှိညောင်ပင်ကြီး တစ်ပင် တည်ရှိနေသည်ကို ကွင်း ဆင်းလေ့လာတွေ့ရှိခဲ့ပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အနေအထား

(ဇယား-၅) နောင်မလုံကျေးရွာ ဥစ္စာဓနအဆင့်ခွဲခြားခြင်းအနေအထား

အကြောင်းအရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု (ပေးနိုင်ကျွေးနိုင်)	**အလယ်အလတ်ရှိသောအိမ်ထောင်စု (အမှီအခိုကင်း)**	**ဆင်းရဲသော အိမ် ထောင်စု**	**အလွန်ဆင်းရဲသော အိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	၃ဧက-၁၀ဧက	၃ဧက-၅ဧက	၁ဧက	-
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	ဆန်စက်၊အရောင်းအဝယ်	လယ်/ယာ	ကျပမ်း	အငှားလိုက်ကျပမ်း
အိမ်အခြေအနေ	ဇလီသပ်၊သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း (အိမ်အရွယ်ကြီးမား)	သွပ်မိုး၊ထရံကာ၊အိမ်အရွယ်အစား အတင့်သင့်	ထရံကာ၊ ကြမ်းခင်း၊သက် ကယ်မိုး	-
လယ်ယာသုံးပစ္စည်း	လက်တွန်းထွန်စက်	ဂွန်ဒေါင်းလက်တွန်း	ပေါက်ပြား၊ ပေါက်တူး	ပေါက်ပြား၊ပေါက်တူး
ယဉ်၊ကားပိုင်ဆိုင်မှု	ဖဘီးကား ၊ အိမ်စီးကား၊ ထော်လာကျီ	အိမ်စီးကားနှင့် ထော်လာကျီ	ဆိုင်ကယ်	မရှိ

အခြားပိုင်ဆိုင်မှု	မီးစက်၊ဆိုလာပြား၊ မီးအားမြှင့်စက်	ဆိုလာပြား	ဆိုလာပြား	မရှိ
ဓိမ်ခံပစ္စည်း	တီဗီ၊စလောင်း၊ စကိုင်းနက်၊	တီဗီ ၊ ဒီဝီဒီ	မရှိ	မရှိ
လက်ဝတ်ရတနာ	ဆွဲကြိုး၊လက်ကောက်၊ နားကပ်၊	ဆွဲကြိုး၊နာကပ်	မရှိ	မရှိ
အဓိကစီးပွားရေး	ကားမောင်း	တောင်သူ	အငှားတောင်သူ	ကျပမ်းအလုပ်
တနှစ်ဝင်ငွေ	၁၂ သိန်း	၇ သိန်း	၃သိန်း	ပုံမှန်မရှိ
အိမ်ထောင်စုပေါင်း	၄၅	၆၀	၃၀	၂၈

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသည့် သတင်းအချက်အလက်များ ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက် - နောင်မလုံကျေးရွာသည် **က အဆင့်** (၄၅) အိမ် ၊ ခ အဆင့် (၆၀)အိမ် ၊ ဂ အဆင့် (၃၀)အိမ်းနှင့် ဃ အဆင့်(၂၈)အိမ် ရှိထားပါသည်။ ဃ အဆင့်သည် အများအားဖြင့် အလုပ်အကိုင်ကို ကျပမ်းလုပ်ကိုင်လျက်ရှိသည်။ ဆင်းရဲမွဲညွန်းကိန်းနှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအနည်းငယ်သာရှိပြီး အဆင်ပြေသည့် အိမ်ထောင်စုများ ပိုမိုများပြားသည်ကိုဆန်းစစ်လေ့လာခြင်းဖြင့် သိရှိလာပါသည်။

(၁.၅) ဝမ်းစာဖူလုံမှု၊ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု အခြေအနေ

(၁.၅.၁) ဝမ်းစာဖူလုံမှု

(ဇယား၆) နောင်မလုံကျေးရွာ ဝမ်းစာဖူလုံမှုအခြေအနေချေးငှားခြင်းမပြုပဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည့် အိမ်ထောင်စု

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၄၀		ဆွေးမျိုး၊ငွေတိုးချေးစားသူထံမှ ချေးယူ
၃လနှင့်၅လ အထိ	၃၆		ဆွေးမျိုး၊ငွေတိုးချေးစားသူထံမှ ချေးယူ
၆လမှ ၁၂ အထိ	၈၇		စားနပ်ရိက္ခာအတွက်မချေးယူ

ရည်ညွှန်း- - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသည့် သတင်းအချက်အလက်များ ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက် ။နောင်မလုံကျေးရွာသည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲသည့်ကာလတွင် အခြားသောဌာနများနှင့် ချိတ်ဆက်မှုအားနည်းနေသောလည်း ဝမ်းစာဖူလုံမှုရှိနေပါသည်။

(၁.၅.၂) ထိခိုက်လွယ်မှု

(၁.၅.၂.၁) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

(ဇယား၇)နောင်မလုံကျေးရွာ ထိခိုက်လွယ်အစုများ

အကြောင်းအရာ	**ရှင်းလင်းချက်/ဖော်ပြချက်**	**ကျား**	**မ**	**ပေါင်း**
သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အောက်	မိသားစုစောင့်ရှောက်မှုမရှိ	-	-	-
မသန်းစွမ်သည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ	၃	၁	၄
အမျိုးသမီးဦးဆောင်အိမ်ထောင်စု	ဦးဆောင်မှုအနည်းငယ်သာရှိခြင်း		၄	၄
မုဆိုးဖို/တစ်ခုလပ်	အနည်းငယ်သာရှိခြင်း	၃		၃
ဆင်းရဲသည်အိမ်ထောင်စု	တရုတ်နိုင်ငံသို့ ကျပမ်းအလုပ်	**မရှိ**		

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသည့် သတင်းအချက်အလက်များ ဖြစ်ပါသည်။

